**(၆-၁၁-၂၀၂၀) မှ (၁၁-၁၁-၂၀၂၀)ထိဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ**

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်နေ့ တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ(၅%)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၇ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀%) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၅ ဖြင့်လည်းကောင်း၊ ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၂ ဖြင့် လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၄ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၈ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည် ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅%) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၂ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၂ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Reuters သတင်း တစ်ရပ်တွင် ဖော်ပြချက်အရ အိန္ဒိယနိုင်ငံတွင် ရူပီးငွေတန်ဖိုး အားပျော့လာခြင်းနှင့် စပါးသစ်စတင် ပေါ်လာပြီဖြစ်ခြင်းတို့ကြောင့် ယခုတစ်ပတ်တွင် အိန္ဒိယ ဆန်ပို့ကုန်ဈေးများ ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀-၃၇၅ ကြား ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၆၆- ၃၇၀ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ တောင်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များ တွင် မိုးစပါး စတင်ထွက်ရှိလာပြီ ဖြစ်ခြင်းကြောင့် ဆန်ရောင်းလိုအား မြင့်တက်လာခဲ့ကြောင်း တောင်ပိုင်း အန္ဓရဒေသပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြား ခဲ့သည်ကို သိရှိရပါသည်။အစိုးရက တောင်သူဆီမှ စပါးဝယ်ယူပေးလျက်ရှိပြီး အိန္ဒိယအစိုးရ၏

တောင်သူများထံမှ ရာသီသစ်စပါးဝယ်ယူမှုသည် အောက်တိုဘာလကုန်ချိန်တွင် ၂၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးရေလျှံမှု အကြိမ်ကြိမ် တွေ့ကြုံခဲ့ခြင်းနှင့် မိုးများခြင်းတို့ကြောင့် ယခုနှစ် မိုးစပါးအထွက်နှုန်းမှာ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ် စိုက်ပျိုးရေးဝန်ကြီးဌာန၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဆန်စပါးအထွက်ကျဆင်းမှုကြောင့် လာမည့်ကောက်ပေါ်ရာသီတွင် စပါးဈေးမြင့်တက်နိုင်ပြီး အစိုးရ၏ ဆန်စပါးဝယ်ယူရေးအစီအစဉ်တွင် အခက်အခဲနှင့်ကြုံတွေ့ရနိုင်ကြောင်း ကုန်သည်များက ပြောကြားကြသည်ကို သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းဆန်ရောင်းလိုအား လျော့နည်းနေသော်လည်း ဖိလစ်ပိုင်နိုင်ငံဘက်မှ ဆန်အော်ဒါသစ်များကို မျှော်လင့်လျက်ရှိကြောင်း သိရှိရပါသည်။ ဗီယက်နမ် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၄၈၃-၄၉၅ ဒေါ်လာ ရှိခဲ့ရာက ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၉၅-၅၀၂ ဒေါ်လာ၌ ရပ်တည်ခဲ့သည်ကို သိရှိရပါသည်။ ရေကြီးရေလျှံမှုနှင့် မုန်တိုင်းဒဏ် ခံစားခဲ့ရသော ဖိလစ်ပိုင်နိုင်ငံ၏ ဆန်အော်ဒါသစ် တက်လာနိုင်သည့် မျှော်လင့်ချက်အရ လကုန်ပိုင်းတွင် ဗီယက်နမ် ဆန်ဝယ်လိုအား မြင့်တက်လာဖွယ်ရှိကြောင်း ဟိုချီမင်းစီးတီးမြို့ အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ သို့ရာတွင် ပြည်တွင်းဆန်ရောင်းလိုအားမှာ နိမ့်ကျလျက်ရှိပြီး နိုဝင်ဘာလ ဆန်တင်ပို့နိုင်မှုသည် အောက်တိုဘာလထက် ကျော်လွန်နိုင်ခြေ နည်းပါးကြောင်း ကုန်သည်များက ပြောကြားကြသည်ကို သိရှိရပါသည်။

ထိုင်းရည်ညွှန်းဆန်ဖြစ်သော ငါးမှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၄၅၂-၄၈၀ ဒေါ်လာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၄၅၅-၄၇၂ ဒေါ်လာသို့ အနည်းငယ်လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။ ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခြင်းမှာ ထိုင်းဆန်အပေါ် ပြည်ပမှဝယ်လိုအားနည်းနေခြင်းနှင့် ရောင်းလိုအားသစ် ဝင်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း ဘန်ကောက်မြို့ အခြေစိုက်ကုန်သည်များထံမှ သိရှိရပါသည်။ ထိုင်းနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ဆန်တန်ချိန် လေးသန်းကျော်တင်ပို့ထားရာ ယခင်နှစ် အလားတူ

ကာလထက် ၃၁ ဒသမ ၉၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များ အသင်းက ထုတ်ပြန်သည့် စာရင်းသစ်များအရ သိရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် အစိုးရ၏ မိုးစပါးဝယ်ယူရေးအစီအစဉ်အတွက် လတ်တလောဝယ်ယူရန် အဆိုပြုထားသည့်ပမာဏမှာ ကျပ် ၆ ဘီလီယံခွဲခန့်ရှိကြောင်း သိရှိရပါသည်။ အစိုးရအနေဖြင့် မိုးစပါးပေါက်ဈေးသည် အခြေခံဈေးနှုန်းအောက် ရောက်ရှိလာပါက ဝင်ရောက်ဝယ်ယူရန်အတွက် ကျပ် ၂၀ ဘီလီယံ လျာထားကြောင်း သိရှိရပါသည်။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌ သတ်မှတ်အခြေခံဈေးနှုန်းဖြစ်သော တင်းတစ်ရာလျှင် ကျပ် ၅၂၀၀၀၀ ဖြင့်ဝယ်ယူသွားရန် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ဝယ်ယူရေးအဖွဲ့များက တင်ဒါခေါ်ယူထားခြင်း ဖြစ်ပါသည်။

စပါးတင်းအနေဖြင့် စပါးတင်းပေါင်း ၃၈ သိန်းခန့်ဝယ်ယူသွားရန် လျာထားသော်လည်း လတ်တလောတွင် စပါးတင်းပေါင်း ၁၀သိန်းခန့်သာ ရှိသေးကြောင်း သိရှိရပါသည်။ မိုးစပါးပေါ်ချိန်တွင် စပါးဈေးအလွန်အမင်း ကျဆင်းမှုမဖြစ်စေရန် ထိန်းသိမ်းသည့်အနေဖြင့် အစိုးရက ဝင်ရောက်ဝယ်ယူပေးရန် စီစဉ်ထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် နေရာအတော်များများ၌ အခြေခံဈေးနှုန်းအထက်တွင် ရှိနေသဖြင့်ဝယ်ယူသွားရန် အဆိုပြုလာသည့် ပမာဏမှာ လျာထားချက်ကို ပြည့်မီခြင်း မရှိသေးကြောင်း သိရှိရပါသည်။

လက်ရှိအဆိုပြုပမာဏသည် အပြီးသတ် မဟုတ်သေးဘဲ လိုအပ်လျှင် ထပ်မံ ဝယ်ယူသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဈေးနှုန်း ရုတ်တရက် ကျဆင်းသွားပါက ဝယ်ယူရန် လိုအပ်ပါက ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူများ၏ အခွင့်အရေးအတွက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

မြန်မာ-တရုတ်နယ်စပ် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ တစ်ရက်လျှင် ဆန်အိတ်ရေ ၃၀၀၀၀ ကျော်တင်ပို့လျက်ရှိကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ သိရှိရပါသည်။ နေ့စဉ်ဆန်အိတ်ရေ ၃၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆန်ဈေးနှုန်း လည်း ကောင်းမွန်ကြောင်း၊ ယခင်က ဆန်တစ်အိတ်လျှင် တရုတ်ငွေ ၂ ယွမ်ခန့်၊ မြန်မာကျပ်ငွေ ၄၀၀ ကျပ်ခန့်သာ မြတ်သော်လည်းယခုအချိန်တွင် တရုတ်ငွေ ၄ ယွမ်မှ၆ ယွမ်ခန့်အထိ အမြတ်ငွေရရှိနေကြောင်း မြန်မာဘက်မှ လမ်းပန်းဆက်သွယ်ရေး ပိုမိုမြန်ဆန်လာပြီး တရုတ်နိုင်ငံ ဘက်မှလည်း ပိတ်ဆို့ထားမှုများ ဖြေလျှော့လာနိုင်လျှင် ယခုနှစ်တွင် ဆန်စပါးအရောင်းအဝယ် ကောင်းမွန်နိုင်ကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောကြားခဲ့ သည်ကို သိရှိရပါသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ဆန်လိုအပ်ချက်ရှိနေပြီး တစ်နေ့လျှင်အိတ်ရေ ၈၀၀၀၀ ခန့် လိုအပ်လျက် ရှိနေသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တရုတ်နိုင်ငံအတွင်း စည်းကမ်း တင်းကျပ်မှုများနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေသဖြင့် အိတ်ရေ ၃၀၀၀၀ ကျော် သာ တင်ပို့နိုင်ကြောင်း ဦးမင်းသိန်းက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ လက်ရှိတွင် မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ တစ်နေ့လျှင် ဆန်အိတ်ရေ ၆၄၀ တင်ဆောင်နိုင်သည့် တွဲကား အစီးရေ ၅၀ ခန့် ဝင်ရောက်လျက်ရှိပြီး တရုတ်နိုင်ငံသို့လည်း ၎င်းအရေအတွက်အတိုင်း ရောင်းချ နေရကြောင်း သိရှိရပါသည်။

ထို့အတူ တရုတ်နိုင်ငံသို့ တင်ပို့သည့် ဆန်ဈေးနှုန်းမှာလည်း အောက်တိုဘာလဆန်း မှစ၍ ဈေးကောင်းရရှိပြီး မူဆယ်အထိုင်ဈေးမှာဆန်ကွဲ ကီလို ၅၀ တစ်အိတ်လျှင် ၁၂၄ ယွမ်၊ ငစိန် ကီလို ၅၀ တစ်အိတ်လျှင် ၁၃၃ ယွမ်၊ သုခ ကီလို ၅၀ တစ်အိတ်လျှင် ၁၃၄ ယွမ်နှင့် မှော်ဘီ ကီလို ၅၀ တစ်အိတ်လျှင် ၁၃၆ ယွမ် ရရှိကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင်မှ သိရှိရပါသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၂၀၁ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅% ဆန်တစ်အိတ်လျှင် ၂၃၁၁၅ကျပ်မှ ၂၄၁၂၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း

သိရှိရပါသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့်တစ်ဘတ်လျှင် ၄၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန်တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၂၃၀၀၊ မုံရွာမြို့တွင် ကျပ် ၂၂၀၀ နှင့် ကလေးမြို့တွင် ကျပ် ၁၉၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ် ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ကျပ် ၁၂၀၀၊ ဘားအံမြို့နှင့် မော်လမြိုင်တို့တွင် ကျပ် ၁၁၀၀ နှင့် စစ်တွေ မြို့တွင် ကျပ် ၁၀၅၀ တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃၂ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ဒုတိယပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**